လည်း "စိတ်မရှိသော မြွားအကောက်ကိုတောင် ဖြောင့်အောင် ပြင်လို့ရသေးလျှင် စိတ်ရှိသူ လူတွေသည် မိမိ စိတ်ကို ကိုယ့်အလိုကျအောင် ထား၍ ဘာ့ကြောင့် တရားအားမထုတ်နိုင်ဘဲ ရှိရအံ့နည်း" ဟု စဉ်းစားမိပြန်လေသည်။

**လှည်းဘီးလုပ်ပုံကို မေးခြင်း။** ။ဤသို့ စဉ်းစားရင်း ရှေ့သို့ သွားပြန်လေသော် သစ်သားတို့ကို လှည်းဘီးလုပ်ဘို့ရန် ပွတ်ပြင်နေသော လက်သမားတို့ကို မြင်ရပြန်၍ အရှင်သာရိပုတြာကို မေးပြန်ရာ အရှင်သာရိပုတြာလည်း အကြောင်းစုံကို မိန့်တော်မူလေသည်၊ ထိုအခါ၌လည်း "စိတ်မရှိသော သစ်သားတွေကိုပင် အမျိုးမျိုးဖြစ်အောင် ပွတ်ပြင်၍ ရနိုင်သေးလျှင် စိတ်ရှိနေသူ လူတွေသည် မိမိ စိတ်ကို ကိုယ့်အလိုကျအောင် ထား၍ ဘာ့ကြောင့် တရားအားမထုတ်နိုင်ဘဲ ရှိရအံ့နည်း" ဟု စဉ်းစားမိပြန်လေသည်။

**ကျောင်းသို့ ပြန်ခြင်း။** ။ဤသို့ ၃-ကြိမ်တိုင်တိုင် စဉ်းစားမိသောအခါ တရား အားထုတ်လိုသောဆန္ဒက ပြင်းပြလှသဖြင့် အရှင်သာရိပုတြာထံ ဆွမ်းခံမလိုက်တော့ဘဲ ကျောင်းတိုက်သို့ ပြန်နှင့်ရန် ခွင့်ပန်လေသည်၊ အရှင်သာရိပုတြာမထေရ်မြတ်လည်း "ကျောင်းဆောင် အပြင်ဘက်နေလျှင် မတော်တဆ တစုံတခုဖြစ်မည်" စိုးသောကြောင့် သံကောက်ကို ပေးလိုက်၍ "ကျောင်းခန်းအတွင်းမှာ နေလေ" ဟု မှာထားပြီးမှ ပြန်လွှတ်လိုက်လေသည်၊ [ရှေးခေတ်က အတွင်း၌ရှိသော ကန့်လန့်(မင်းတုပ်)ကို ပိတ်လို ဖွင့်လိုလျှင် သံကောက်ဖြင့် လှည့်၍ ဖွင့်ရ ပိတ်ရသည်၊ ယခုခေတ် "သော့" မျိုးပင်တည်း။]